# Twenty-Eighth Sunday in Ordinary Time

**1st READING:** ***Isaiah 25:6-10***
ဟေရှာယအနာဂတ္တိကျမ်း ၂၅း ၆–၁၀

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည်၊ ခဲဘွယ်စားဘွယ်ပွဲ၊ ဟောင်းသောစပျစ်ပွဲတည်းဟူသော၊ ဆူသောခဲဘွယ်စားဘွယ်၊ ကောင်းမွန်စွာစစ်သောစပျစ်ရည်ဟောင်းကိုလူခပ်သိမ်းတို့အဘို့ဤတောင်ပေါ်မှာစီရင်တော်မူလိမ့်မည်။ လူခပ်သိမ်းတို့ကိုဖုံးသောမျက်နှာဖုံးကို၎င်း၊ ခပ်သိမ်းသောလူမျိုးတို့ကိုဖုံးလွှမ်းသောတင်းတိမ်ကို၎င်းဤတောင်ပေါ်မှာပယ်တော်မူလိမ့်မည်။ သေခြင်းကိုလည်းနစ်မွန်ဆုံးရှုံးစေတော်မူလိမ့်မည်။ အရှင်ထာဝရဘုရားသည်လည်း၊ ခပ်သိမ်းသောမျက်နှာတို့မှမျက်ရည်ကိုသုတ်တော်မူလိမ့်မည်။ ကိုယ်တော်၏လူတို့သည်ခံရသောကဲ့ရဲ့ခြင်းကိုလည်းမြေကြီးတပြင်လုံး၌ပယ်ရှင်းတော်မူလိမ့်မည်ဟု၊ ထာဝရဘုရားအမိန့်တော်ရှိ၏။ ထိုကာလ၌ကြည့်ရှုလော့။ဤအရှင်ကား၊ငါတို့မြော်လင့်သောငါတို့၏ဘုရားသခင်တည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ငါတို့မြော်လင့်သောထာဝရဘုရားတည်း။ ကယ်တင်တော်မူခြင်းကျေးဇူးကြောင့်၊ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့ဟုဆိုကြလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရား၏လက်တော်သည်ဤတောင်ပေါ်မှာငြိမ်းလိမ့်မည်။ ကောက်ရိုးသည်နောက်ချေးရွှံ့ပွက်၌နှိပ်နင်းခြင်းကိုခံရသကဲ့သို့၊ မောဘပြည်သည်မိမိ၌နှိပ်နင်းတော်မူခြင်းကိုခံရလိမ့်မည်။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms  23:1-3a, 3b-4, 5-6

ဆာလံကျမ်း  ၂၃း

**သံပြိုင်။** ။ တပည့်တော်သည် ထာဝရဘုရား၏ အိမ်တော်တွင် ဘဝသက်တာ တစ်လျှောက်လုံး နေရ ပါလိမ့်မည်။

R/ **I shall live in the house of the Lord all the days of my life.**

၁။ ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏ ။ငါ၌လိုလေသေးရှိမည်မဟုတ်။ ကိုယ်တော်သည် ငါ့အားစိမ်းလန်းသောစားကျက်များ၌နားနေစေတော်မူ၍၊ ငြိမ်သက်သာယာသောမြစ်ချောင်းများအနီးသို့ လမ်းပြခေါ်ဆောင်တော်မူ၏ ။ **သံပြိုင်။**

The LORD is my shepherd; I shall not wan. In verdant pastures he gives me repose; beside restful waters he leads me; he refreshes my soul.

၂။ ကိုယ်တော်သည်ငါ့၏ဝိညာဉ်ကိုအားသစ်လောင်းပေးတော်မူ၍၊ ကိုယ်တော်၏နာမတော်အဖို့အလို့ငှါ ငါ့အားလမ်းမှန်ကိုပြတော်မူ၏ ။ သေခြင်း၏အရိပ်လွှမ်းမိုးသောချိုင့်ဝှမ်းအတွင်း၌ ငါလျှောက်လှမ်းရသော် လည်းဘေးအန္တရာယ်ကိုမကြောက်ရွံ့ပါ ။အကြောင်းမူကား၊ကိုယ်တော်သည်တပည့်တော်နှင့်အတူရှိတော်မူ၍ ကိုယ်တော်၏လှံတံတော်နှင့်တောင်ဝှေးတော်တို့သည်တပည့်တော်ကိုနှစ်သိမ့်မှုပေးပါ၏ ။ **သံပြိုင်။** ။

He guides me in right paths for his name's sake. Even though I walk in the dark valley I fear no evil; for you are at my side with your rod and your staff that give me courage.

၃။ ကိုယ်တော်သည် တပည့်တော်၏ ရန်သူအပေါင်းတို့၏ရှေ့မှောက်တွင်တပည့်တော်အတွက်စားပွဲကို တည်ခင်းတော်မူပြီ။ တပည့်တော်၏ဦးခေါင်းကိုဆီနှင့်သွန်းလောင်းတော်မူပြီ ။တပည့်တော်၏ဖလားသည် လည်းပြည့်လျှံလျက်ရှိပါ၏ ။ တပည့်တော် အသက်ရှင်နေရသည့်နေ့ရက်များအားလုံး၌ ကိုယ်တော်၏ ကောင်းမြတ်ခြင်းနှင့်သနားကရုဏာတော်သည် တပည့်တော်နှင့်အတူ ဧကန်မုချရှိပါလိမ့်မည်။ တပည့် တော်သည်ထာဝရဘုရား၏အိမ်တော်တွင်ဘဝသက်တာတစ်လျှောက်လုံးနေရပါလိမ့်မည်။ **သံပြိုင်။** ။

You spread the table before me in the sight of my foes; you anoint my head with oil; my cup overflows. Only goodness and kindness follow me all the days of my life; and I shall dwell in the house of the LORD for years to come.

## 2nd READING: Philippians 4:12-14, 19-20

ဖိလိပိသြဝါဒစာ ၄း ၁၂–၁၄၊ ၁၉–၂၀

ရှုတ်ချခြင်းကိုလည်းကောင်း၊ ကြွယ်ဝခြင်းကိုလည်းကောင်းခံတတ်၏။ ဝစွာစားခြင်း၊ မွတ်သိပ်ခြင်း၊ ချမ်းသားခြင်း၊ဆင်းရဲခြင်းတို့ကိုခံရအံ့သောငှာအရပ်ရပ်တို့တွင်အရာရာတို့၌ငါသင်ယူမိပြီ။ငါ့ကိုခွန်အားနှင့်ပြည်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏။ငါသည်ဆင်းရဲဒုက္ခကိုခံရချိန်တွင်သင်တို့သည် ငါနှင့်အတူ ဝေမျှခံထမ်းခြင်းဖြင့် ကောင်းမွန်စွာပြုကြပြီ။ငါ၏ဘုရားသခင်သည်ဘုန်းတော်ဂုဏ်တော်ကြွယ်ဝတော်မူသည်နှင့်အညီ ရစ်တော်ယေရှုအားဖြင့် သင်တို့အလိုရှိသမျှတို့ ကိုပေးသနားတော်မူပါစေ။ ငါတို့အဖ၊ ဘုရားသခင်သည်ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 22:1-14***

ရှင်မာတေဦးဧဝံဂေလိကျမ်း ၂၂း၁–၁၄

သခင်ယေရှုးသည်ပုံဥပမာများဖြင့်သူတို့အားတစ်ဖန်မိန့်တော်မူသည်မှာကောင်းကင်နိုင်ငံတော်ကိုမိမိသားအတွက်မင်္ဂလာဆောင်ပွဲကျင်းပပေးသောရှင်ဘုရင်နှင့်ပုံခိုင်းနိုင်၏။ မင်းကြီးသည်မင်္ဂလာဆောင်ပွဲသို့ဖိတ်ကြားထားသောသူတို့အားခေါ်စေခြင်းငှာမိမိအစေခံများကိုစေလွှတ်လိုက်သော်လည်းထိုသူတို့သည်မလာဘဲနေကြ၏။ တစ်ဖန် အခြားသောအစေခံများကို စေလွှတ်၍ဆိုသည်မှာ ဖိတ်ကြားထားသူတို့အားပြောကြားလော့၊ ငါတည်ခင်းသောစားသောက်ပွဲသည်အသင့်ရှိပြီ။ နွားများနှင့်ဆူဖြိုးသောတိရစ္ဆာန်များကိုသတ်ထားပြီ။ အစစအရာရာ အသင့်ရှိပြီ။ မင်္ဂလာပွဲသို့ကြွကြပါဟုပြောရန်မှာလိုက်လေ၏။ သို့သော်ထိုသူတို့သည်ဂရုမစိုက်ကြဘဲတစ်ဦးသည်မိမိလယ်သို့လည်းကောင်း၊ အခြားတစ်ဦးသည် မိမိလုပ်ငန်းရှိရာသို့လည်းကောင်း၊ထွက်သွားကြ၏။ ကျန်သောသူတို့မူကားအစေခံတို့ကိုဖမ်းဆီး၍အရှက်တကွဲထိခိုက်စော်ကားကြပြီးမှသတ်ဖြတ်ကြလေ၏။ ရှင်ဘုရင်သည်ကြားလျှင်အမျက်ထွက်သဖြင့်မိမိတပ်များကိုစေလွှတ်၍၊ထိုလူသတ်သမားတို့ကိုဖျက်ဆီးသုတ်သင်ပြီးလျှင်သူတို့၏မြို့ကိုမီးရှို့လေ၏။ ထို့နောက်မင်းကြီးကမိမိအစေခံတို့အားဆိုသည်မှာမင်္ဂလာပွဲအသင့်ရှိပြီ၊သို့သော်ခေါ်ဖိတ်ခြင်းခံရသောသူတို့သည်ထိုပွဲနှင့်မထိုက်တန်ကြ၊ ထို့ကြောင့်လမ်းဆုံလမ်းမများသို့သင်တို့သွားကြ။ တွေ့လေသမျှသောသူတို့ကို မင်္ဂလာပွဲသို့ခေါ်ဖိတ်ကြလော့ဟုဆို၏။ အစေခံတို့သည်လမ်းများပေါ်သို့ထွက်သွားကြ၍အဆိုးအကောင်းမခွဲခြားဘဲတွေ့သမျှသောလူတို့ကိုစုရုံးခေါ်ဆောင်ခဲ့ကြသဖြင့်မင်္ဂလာဆောင်ပွဲသည်ဧည့်သည်များနှင့်ပြည့်နှက်လျက်ရှိ၏။ ရှင်ဘုရင်သည်ဧည့်သည်တော်များကိုတွေ့ဆုံရန်လာသောအခါ၊ ထိုနေရာ၌မင်္ဂလာအခမ်းအနားဝတ်စုံကိုမဝတ်ဆင်သောသူတစ်ဦးကိုမြင်လျှင်။ထိုသူအားမိတ်ဆွေမင်္ဂလာပွဲဝတ်စုံမဝတ်ဆင်ဘဲအဘယ်ကြောင့်ဤနေရာသို့ဝင်လာသနည်းဟုမေးလေ၏။ ထိုသူသည်စကားတစ်ခွန်းကိုမျှပြန်၍မပြောနိုင်ချေ။ ထိုအခါရှင်ဘုရင်ကထိုသူ၏ခြေ၊လက်များကိုချည်နှောင်၍အပြင်ဘက်အမှောင်ထဲသို့ပစ်ချကြလော့။ ထိုနေရာ၌ငိုကြွေးမြည်တမ်း၍အံသွားခဲကြိတ်ရလိမ့်မည်ဟုမင်းလုလင်တို့အားဆို၏။ အကြောင်းမူကားခေါ်ဖိတ်ခြင်းခံရသောသူများကြ၏ရွေးကောက်ခြင်းခံရသောသူတို့မူကားနည်းကြ၏၊ဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။